ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၄ / ၂၀၂၂

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၅ ရက်

( ၂၀၂၂ ခုနှစ် ၊ မတ်လ ၈ ရက် )

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှ ဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ မော်တော်ယာဉ်အသစ်များဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်။

( ဂ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာငွေကျပ် သိန်း (၁၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသုံးမပြုရသေးသော အသစ် (Brand New) ဖြစ်ရမည်။

( င ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိသည့်ခုနှစ်နှင့် ရောက်ရှိသည့်ခုနှစ်၏ တစ်နှစ်အောက်နိမ့်သော မော်ဒယ်နှစ်ဖြစ်ပြီး ဘယ်မောင်းစတီယာရင်ယာဉ်ကိုသာ တင်သွင်းရမည်။

(စ) မော်တော်ယာဉ် အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန်စနစ် (Consignment Basic) အပြင် ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့်တင်သွင်းနိုင်သည်။

(ဆ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်းဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်း အရောက် တင်သွင်းရမည်။

(ဇ) မော်တော်ယာဉ် အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဈ) တင်သွင်းလာသောမော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင် အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ည) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ် ကာလအတွင်း အခြား အခြေခံအချက်များ ပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

(ဋ) မော်တော်ယာဉ်အရောင်းပြခန်းကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်ရမည်။

(ဌ) တင်သွင်းသည့်မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) များကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင် ဆောင်ရွက်ရမည်။

(ဍ) အရောင်းပြခန်းဖွင့်လှစ်မည့် နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) မော်တော်ယာဉ် အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(ဏ) မော်တော်ယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းသည် စတုရန်းပေ (၁၄၀၀၀) နှင့် သိုလှောင်ရုံ၏အကျယ်အဝန်းသည် စတုရန်းပေ (၅၀၀၀) ရှိရမည်။

(တ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ယာဉ်တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း မပြုရ။

(ထ) အရောင်းပြခန်းများမှ ရောင်းချသည့်မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုသူ အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ဒ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များ သို့မဟုတ် လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းခြင်းနှင့် မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

(ဓ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသောအဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(န) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက် ကြိုတင်၍သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား နိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်းအထောက်အထားပါရှိရမည်။

၃။ အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၁/၂ - ၃၇ / ၂၀၂၀ ( ၃၁ )
ရက်စွဲ ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး / ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မင်းမင်း )
အမြဲတမ်းအတွင်းဝန်